
## ဘာသာစကားပေါင်းစုံ-ပညာရေး

# သင်ကြားမှုအရည်အသွေး သုံးသပ်ချက်စံနှုန်း

---

**ဘာသာစကားစုံစာသင်ခန်းများတွင် ဆရာများ၏လုပ်ငန်းခွင် အရည်အသွေး တိုးမြှင့်နိုင်စေရန် ပံ့ပိုးပေးခြင်း**




ဘာသာစကားပေါင်းစုံပညာရေးဆိုင်ရာ ဆရာများတက်ကျွမ်းမှုစံသက်မှတ်ချက် အညွှန်းဘောင်ပေါ်တွင်အခြေခံထားသည်

Teacher FOCUS

ined the inclusive education foundation

# MLE စာသင်ခန်းထဲရှိ ဆရာ/မစွမ်းရည်ကို အကဲခတ်လေ့လာမှုပုံစံ

| | | |
|---|---|---|
| **ဆရာ/မ နာမည် -** | **L1:** | **ဘာသာရပ် နှင့် အတန်း -** |
| **အကဲခတ်လေ့လာသူ -** | **L2:** | **သင်ခန်းစာခေါင်းစဉ် -** |
| **ကျောင်းသားဦးရေ -** | **ကျောင်းအမည် -** | **ရက်စွဲ -** |

## ပညာရပ်နယ်ပယ် (က) - ပညာရှင်ဆန်သော အသိပညာဗဟုသုတ နှင့် နားလည်သဘောပေါက်မှု

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုးစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *<u>အသေးစိတ်</u>*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| 2L က<br><br>က၁. ကျောင်းသူ/သားများ ဘာသာစကား အသစ်များကို မည်ကဲ့သို့ ထိရောက်စွာ သင်ယူသည်ကို သိရှိနားလည်ခြင်း (2L က) | ဆရာ/မ သည်ဘာသာစကားမျိုးစုံ ပါဝင်သော သင်ယူမှုကို အထောက်အပံ့ခြင်းမျိုး မတွေ့ရပါ။<br><br>စာသင်ခန်းတွင်း သင်ကြားပို့ချမှုတွင် ဆရာ/မသည် ဘာသာစကား ၁ မျိုးတည်းကိုသာ အသုံးပြုပါသည်။ | ဆရာ/မသည် ဘာသားစကား ၂ မျိုးကို အသုံးပြုပြီး သင်ခန်းစာအသစ်များကို ရှင်လင်းခြင်း၊ တိုးချဲ့ဖေါ်ပြခြင်း သို့မဟုတ် အသေးစိတ် ရှင်းလင်းသော်လည်း မအောင်မြင်ပါ။<br><br>ဆရာ/မသည် ကျောင်းသူ/သား၏ L1 (သို့) L2 ကို မှားယွင်းစွာ အသုံးပြုပါသည် (သို့) တသမတ်တည်း အသုံးမပြုပါ။<br><br>သင်ခန်းစာမြန်လွန်းခြင်းကြောင့် ကျောင်းသူ/သားများ မလိုက်နိုင်ပါ (သို့) သင်ခန်းစားနေးလွန်းခြင်း (သို့) ထပ်ခါတလဲလဲ အပ်ကြောင်းထပ်နေသောကြောင့် ကျောင်းသူ/သားများ ပူးပေါင်းပါဝင်မှု မရှိပါ။<br><br>ကျောင်းသူ/သားများသည် L2 တွင် ပိုပြီး ကျွမ်းကျင်လာကြောင်း (သို့) ပိုပြီး ရေးတတ်၊ ဖတ်တတ်လာကြောင်း အထောက်အထား အနည်းငယ်သာ ရှိပါသည်။ | ဆရာ/မသည် ဘာသာစကား ၂ မျိုးကို အသုံးပြုပြီး သင်ခန်းစာအသစ်များကို ရှင်းလင်းခြင်း၊ တိုးချဲ့ဖေါ်ပြခြင်း (သို့) အေ သးစိတ် ရှင်းလင်းခြင်း အားဖြင့် ဘာသာစကားသင်ယူမှုကို အထောက်အကူပြုပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများ သိထားပြီးသော အရာမှတဆင့် သူတို့သင်ယူရမည့်အကြောင်း အရာသို့ သေးငယ်သော ခြေလှမ်းများ ဖြင့် တိုးတက်စေပါသည်။ ဤအရာသည် စကားလုံးများနှင့်စာကြောင်းများကို နားလည်လွယ်ရန် သေးငယ်သော အပိုင်းငယ်လေးများ အသွင်သို့ ပြောင်းလဲခြင်းများ ပါဝင်သည်။<br><br>ဆရာ/မသည် ကျောင်းသူ/များ နားလည်သဘောပေါက်ရန် နှင့် လိုက်နာနိုင်ရန်အ တွက် အကြောင်းအရာများကို သင့်လျှော်သောအမြန်နှုန်း (အရှိန်) ဖြင့် ရှင်းပြပါသည်။<br><br>ကျောင်းသူ/သားများ ဘာသာစကားအသစ် (သို့) ပညာရေးဆိုင်ရာ ဘာသာစကားတို့ကို သင်ယူနိုင်ရန် အတွက် ဆရာ/မသည် နေ့တဓူဝအသုံးပြု သော ဘာသာစကားကို အခြေခံပြီးသင်ကြားပေးပါသည်။<br><br>ကျောင်းသူ/သားများသည် L2 တွင် ပို၍ ကျွမ်းကျင်လာကြောင်း (သို့) ရေးတတ် ဖတ်တတ်လာကြောင်း လေ့လာအခဲခတ် မိပါသည်။ | ဆရာ/မသည် ဘာသာစကား ၂ မျိုးကို အသုံးပြုပြီး သင်ခန်းစာအသစ်များကို ရှင်းလင်းခြင်း၊ တိုးချဲ့ဖေါ်ပြခြင်း (သို့) အသေးစိတ် ရှင်းလင်းခြင်း အားဖြင့်ဘာသာစကားသင်ယူမှုကို အထောက်အကူပြုပြီး ကျောင်းသူ/ သား များကိုလည်း ဤကဲ့သို့ ပြုလုပ်ရန် တိုက်တွန်းပါသည်။<br><br>ကျောင်းသူ/သားများသည် L2 တွင် ပို၍ ကျွမ်းကျင်လာပြီး (သို့ ) ရေးတတ်၊ ဖတ်တတ်လာ ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သင်ကြားခြင်း (သို့ ) ကူညီခြင်းတို့ကို တွေ့ရှိရပါသည်။ | |

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *<u>အသေးစိတ်</u>*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| တိကျမှန်ကန်မှု<br>က၂. တိကျမှု နှင့် မှန်ကန်မှုအတွက် မည်ကဲ့သို့ သင်ကြားရမည်ကို သိရှိနားလည်ခြင်း | ကျောင်းသူ/သားများ ဘာသာစကား(သဒ္ဒါ၊ အသံထွက် နှင့် စာလုံးပေါင်း) အသုံးပြုရာတွင် တိကျမှု နှင့် မှန်ကန်မှုအပေါ်ဆရာ/မ အလေးထားမှုမတွေ့ရပါ။<br><br>ကျောင်းသူ/သားများသ ည် ရှုပ်ထွေးခြင်းနှင့် ရှင်းလင်းမှု မရှိခြင်းကိုထုတ် ဖေါ်ပြပြီး မှန်ကန်သော ဘာသာစကား အသုံးပြုမှုကို မဖေါ်ပြပါ။ | ဆရာ/မသည် ကျောင်းသူ/သားများ ၏ ဘာသာစကားအသုံးပြုမှု (သဒ္ဒါ၊ အသံထွ က် နှင့် စာလုံးပေါင်း) တိကျရန် နှင့် မှန်ကန်ရန် အတွက် ကြိုးစားသော်လည်း မအောင်မြင်ပါ။<br><br>ကျောင်းသူ/သားအချို့၏ အမှားများသ ည် မကြာခဏဆိုသလို ပြင်ဆင်မှုမရှိခြင်း (သို့) လစ်လျူရှုခြင်း ခံရပါသည်။<br><br>အချို့သော ကျောင်းသူ/သားများ မှန်ကန်စွာ ဖြေနိုင်သော်လည်း  အခြားသော ကျောင်းသူ/သားများ မဖြေနိုင်ပါ။<br><br>ကျောင်းသူ/သားများသည် အောင်မြ င်မှု (သို့) မှန်ကန်မှု၏စံများကို သေသေချာချာမသိရပါ။ | ဆရာ/မသည် ကျောင်းသူ/သားများ၏ အမှားများကို အမြဲတမ်း ပြင်ပေးခြင်းအား ဖြင့်  ကျောင်းသူ/သားများ ၏ ဘာသာစကားအသုံးပြုမှု (သဒ္ဒါ၊ အသံထွက် နှင့် စာလုံးပေါင်း) တိကျရ န် နှင့် မှန်ကန်ရ န် သတိထားပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများအား စကားပြောဆိုသောအခါတွ င် အသံထွက်နှင့် သဒ္ဒါကို မှန်ကန်စွာအသုံးပြု ရန်၊ စာဖတ်သောအခါတွင် စကားလုံးများကို  မှန်ကန်စွာအသံထွက်ရန် နှင ့် စာအရေးအသားများကို သပ်သပ်ရပ်ရပ် နှင့် စားလုံးပေါင်းသတ်ပုံ မှန်ကန်စွာ ရေးရန် တိုက်တွန်းပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏စာများကို စိစစ်ပြင်ဆင်ခြင်းနှင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်သော အခွင့်အရေးရရှိပါသည်။<br><br>ကျောင်းသူ/သားများကိုပေး သော အကြံပြုချက်များသည် တိကျ ပြီး အသေးစိတ်ကျပါသည်။<br><br>အမှားတစ်ခုလုပ်ပြီးသောအခါတွင် ကျောင်းသူ/သားများသည် ဆရာ/မ၏ပံ့ပိုးကူညီ မှု (သို့) အထောက်အပံ့များကြောင့် မှန်ကန်သောအဖြေကို ဖြေဆိုနိုင် ကြောင်း တွေ့ရှိရပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများအတွက် အရည်အသွေးပြည့်မီသောလုပ်ငန်း၏ဥပမာ များ နှင့် အောင်မြင်မှုအတွက်စံများကို တိတိကျကျ သင်ပေးပါသည်။ | ဆရာ/မသည် နည်းလမ်းအမျိုးမျိုးကို အသုံးပြုခြင်းဖြင့် တိကျပြီး မှန်ကန်သော ဘာသာစကားအသုံးပြု မှု (သဒ္ဒါ၊ အသံထွက် နှင့် စာလုံးပေါ င်း) ကို အသုံးပြုရန် အမြဲတမ်း အားပေးပါသည်။<br><br>စာသင်ချိန်တစ်လျှောက်လုံးတွ င် ဆရာ/မသည် ကျောင်းသူ/ သား တစ်ယောက်ချင်းစီအတွက် တိကျပြီး အရည်အသွေးပြည့်မီသော အကြံပြု ချက်များကို ပေးပါသည်။<br><br>အောင်မြင်မှုအတွက် စံများကို ကျောင်းသူ/သားများ သေချာ စွာ နားလည်သဘောပေါက်စေရန်အတွ က် ခိုင်မာသောစနစ်တခုကို သေချာစွာထားရှိ ပါသည်။<br><br>ကျောင်းသူ/သားတစ်ယောက်၏ အမှားများကို အခြားတစ်ယောက်က ပြင်ဆင်  ပေးသော အခွင့်အရေးကိုပေးပါ သည် (သို့) ပြင်ဆင်ပေးသည်ကို  တွေ့ရှိရပါသည်။ | |
| အဓိပ္ပာယ်<br>က၃. အဓိပ္ပာယ် နှင့် ဆက်ဆံပြောဆိုခြင်း အတွက် မည်ကဲသို့ သင်ကြားရမည်ကို သိရှိနားလည်ခြင်း | ဆရာ/မသည် ကျောင်းသူ/သား များအတွက် ဘာသာစကားအဓိပ္ပာယ်ကို ရှင်းပြခြင်း (သို့) ကျောင်းသူ/သားအချင်း ချင်း ပြောဆိုဆက်ဆံ ရန် အားပေးမှုမျိုး မတွေ့ရပါ။ | ဆရာ/မသည် ဘာသာစကား၏ အဓိပ္ပာယ်ကို ကြိုးစားရှင်းပြသော်လည်း (သို့) ကျောင်းသူ/သားများကို  ရှင်းပြနိုင်သော် လည်း ကျောင်းသူ/သားများတွင် လေးနက်သော နား လည်သဘောပေါက်မှုမျိုးကို မတွေ့ရပါ။<br><br>ကျောင်းသူ/သားများ အချင်းချင်း ေ ပြာဆိုဆက်ဆံခြင်း နှင့်  ဆွေးနွေးတိုင်ပင်ခြင်းရှိသော် လည်း ၄င်းသည် ဆရာ/မကိုယ်တိုင် လုပ်ခိုင်းသောအရာမဟုတ်ပါ။ | ဆရာ/မသည် အကြောင်းအရာပေါ်မူတည်၍ ပြန်လည်တုံ့ပြန်ရန်၊ အမြင်များကို ဝေမျှရန် နှင့် တိုးချဲ့ဖေါ်ပြရန်အတွက် ကျောင်းသူ/သားများ ကို အားပေးပါသည်။<br><br>ကျောင်းသူ/သား များသ ည် စာပိုဒ်များအားလုံးကို သမရိုးကျပုံစံအတိုင်းဖြစ်စေ၊ သမရိုးကျ မဟုတ်သည့်အတိုင်းဖြစ်စေ ဖတ်ပြီး ( သို့) နားထောင်ပြီးသောအခါတွင် ဆရာ/မက သူတို ့၏ နားလည်သဘောပေါက်မှုကို စစ်ဆေးပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏  အမြင်များကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် နှင့် ဝေမျှရန်အတွက် အခွင့်အရေးနှင့် အချိန်ပေးပါသည်။ | ကျောင်းသူ/သားများသည် နည်းလမ်း အမျိုးမျိုးကို အသုံးပြုပြီး ကျိုးကြောင်း ဆီလျော်စွာစဉ်စားရ န် နှင့် တီထွင်ဖန်တီးမှုရှိစွာ တုံ့ပြန်ရန်  ဆရာ/မက ပံ့ပိုးပေးပါသည်။<br><br>ကျောင်းသူ/သားများသည် မူရင်းထင်မြင်ယူဆချက်များကို ၄င်းတို့ ၏ အတန်းဖေါ်များနှင့်အတူ ပြောဆိုဆွေးနွေးရန် နှင့် အဓိပ္ပာယ်သိအောင်ဖတ်ရန် အမြဲတမ်း အားပေးပါသည်။<br><br>ကျောင်းသူ/သားများသည် ဆွေး နွေးမှုကို ဦးဆော င်ရန် (သို့) ၄င်းတို့၏ ထင်မြင်ယူဆချက်များကို  တင်ပြရန် အခွင့်အရေးရှိပါသည်။ | |

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုးစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *အသေးစိတ်*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| တိကျသော သင်ကြားမှုအတွက် ပြင်ဆင်ခြင်း<br><br>က၄. ကျောင်းသူ/သားများ၏ သင်ယူမှုလိုအပ်ချက်များကို မည်ကဲ့သို့ဖေါ်ပြရန် နှင့် ၎င်းလိုအပ်ချက်များအတွက် သင့်လျော်သော သင်ယူမှုအတွေ့အကြုံများကို မည်ကဲသို့ဖန်တီးရန် သိရှိနားလည်ခြင်း | ကျောင်းသူ/သား တစ်ဦးချင်းစီ၏ ဘာသာစကား သင်ယူမှု လိုအပ်ချက်များကို သိရှိရန်အတွက် ကြိုးစားအားထုတ်မှုမျိုး ဆရာ/မတွင် မတွေ့ရပါ။ | ဆရာ/မသည် ကျောင်းသူ/သားများအတွက် သင့်လျော်သောအဆင့်တွင်သင်းကြားရန် (သို့) သူတို့တစ်ဦးချင်းစီ၏ လက်ရှိ ဘာသာစကား ကျွမ်းကျင်မှုများနှင့် အရည်အချင်းပေါ်မူတည်၍ စိန်ခေါ်မှုမျိုးပေးရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။<br><br>သင်ခန်းစာတစ်လျှောက်လုံး တွင် များသောအားဖြင့် ဆရာ/မက အတန်းတစ်တန်း လုံးအနေအထားတွင် သင်ကြားပါသည်။ | ဆရာ/မသည် ကျောင်းသူ/သားများအတွက် သင့်လျော်သောအဆင့်တွင်သင်းကြားပြီး သူတို့တစ်ဦးချင်းစီ၏ လက်ရှိ ဘာသာစကား ကျွမ်းကျင်မှုများနှင့် အရည်အချင်းပေါ်မူတည်၍ စိန်ခေါ်မှုမျိုးကို ပေးပါသည်။<br><br>ဆရာ/မသည် ပံ့မှန်ထက်ပိုသောပံ့ပိုးမှုမျိုး လိုအပ်သော ကျောင်းသူ/သားများအတွက် ပံ့ပိုးပေးသည်ကို စာလိုက်နိုင်မှုအားကောင်းသော ကျောင်းသူ /သားများအတွက် ပုံမှန်ထက်ပိုသော စိန်ခေါ်မှုများပေးသည်ကို တွေ့ရပါသည်။ | ကျောင်းသူ/သားများတစ်ဦးချင်း စီ၏ ဘာသာစကားသင်ယူမှု အဆင့်အပေါ်မူတည်၍ သူတို့နှင့် သင့်လျော်သော စိန်ခေါ်မှုမျိုး ပေးခြင်းအားဖြင့် ဆရာ/မသည် သင်ကြားမှုကို ထိရောက်မှုရှိစွာ ခွဲခြားသတ်မှတ်ထားပါသည်။<br><br>စာလိုက်နိုင်မှုအားကောင် ား သော ကျောင်းသူ/သားများ အတွ က် သူတို့၏ အတန်းဖေါ်များကို အကူအညီပေးခြင်း ကဲ့သို့ သော ပုံမှန်ထက်ပိုသော စိတ်ခေါ်မှုများ (သို့) တာဝန်းများပေးသည်ကို တွေ့ရပါသည်။ | |

# ပညာရပ်နယ်ပယ် ခ - ပညာရှင်ဆန်သော ကျွမ်းကျင်မှုများနှင့် လုပ်ထုံးလုပ်နည်းများ

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုးစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *အသေးစိတ်*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| **ပူပေါင်းပါဝင်မှုရှိသော သင်ယူမှု**<br><br>**ခ၁. ပူးပေါင်းပါဝင်မှုရှိသော သင်ယူမှုကို အထောက်အကူပေးရန် အတွက် လုပ်နိုင်စွမ်းကို ပြသခြင်း** | ဆရာ/မသည် ကျောင်းသူ/သားများကို သင်ယူမှုဖြစ်စဉ်အတွင်း စိတ်ပါဝင်စားစေခြင်း (သို့) ပူးပေါင်းပါဝင်စေခြင်းမျိုး မတွေ့ရပါ။<br><br>ခလေးဗဟိုပြုသင်ကြားမှုမျိုးကို စာသင်ကြားရာတွင် အသုံးမပြုပါ။<br><br>ကျောင်းသူ/သားများသည် သင်ခန်းစာတွင် စိတ်ပါဝင်စားခြင်း မရှိပါ။ (၄၀ ရာခိုင်းနှုန်းအောက်) | ဆရာ/မသည် ကျောင်းသူ/သားများကို သင်ယူမှုဖြစ်စဉ်အတွင်း စိတ်ပါဝင်စားမှုရှိစေရန် (သို့) ပူးပေါင်းပါဝင်မှုရှိစေရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။<br><br>ဆရာ/မသည် အခန်းထဲရှိကျောင်းသူ/သား အများစုအတွက် သင်ကြားသော်လည်း ကျောင်းသူ/သားများ ပူးပေါင်းပါဝင်မှုနည်းပါးကြောင်း တွေ့ရပါသည်။<br><br>ကျောင်းသူ/ကျောင်းသာများသည် သင်ခန်းစာ၏ အချို့အစိတ်အပိုင်းတွင်သာ ပူးပေါင်းပါဝင်ပါသည်။ (၄၀ ရာခိုင်နှုန်းအထက်) | ဆရာ/မသည် သင်ခန်းစာအစိတ်အပိုင်းတစ်ခုအတွက် အကြား ၊ အမြင် နှင့် အထိအတွေ့ပါဝင်ပြီး ၁ မျိုးထက်ပိုသော ပူးပေါင်းပါဝင်မှုရှိသောသင်ယူမှုပုံစံ ကို အသုံးပြုခြင်းဖြင့် ကျောင်းသူ/သား များကို စိတ်ပါဝင်စားအောင် သင်ကြားပေးပါသည်။ ၎င်းသင်ယူမှုပုံစံထဲတွင် ပုံပြင်တစ်ပုဒ်ကိုသ ရုပ်ပြခြင်း၊ ကဗျာရေးခြင်း၊ သီချ င်းရေးခြင်း န ှင် ့ ပညာရေးနှင့် သက်ဆိုင်သောဂိမ်းများ ပါဝင်ပါသည်။<br><br>ကျောင်းသူ/သားများသည် အဖွဲ့လိုက်လုပ်ဆောင်ရန်အ တွက် အခွင့်အရေးရရှိပြီး သူတို့ ၏ အမြင်ကိုဝေမျှရန်နှင့် သင်ယူမှုတွင် တစ်ဦးနှင့်တစ်ဦး အကူအညီပေးရန် တိုက်တွန်းခြင်းခံရပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့ကိုယ်တို င်သင်ယူမှုကို လက်တွေ့အသုံးချရန် အခွင့်အရေးရရှိ ပြီး သူတို့၏ နားလည်သဘောပေါက်မှုကို အဓိပ္ပာယ်ရှိစွာ မည်ကဲ့သို့ ဖေါ်ပြရန်အတွက် ရွေးချယ်မှု များပေးထားပါသည်။<br><br>ကျောင်းသူ/သားများသည် သင်ခန်းစာတစ်ခု လုံးနီးပါးတွင် ပူးပေါင်းပါဝင်မှုရှိပါ သည်။<br>(၇၅ ရာခိုင်နှုန်းအထက်) | ဆရာ/မသည် သင်ခန်းစာတစ်ခုလုံးနီးပါးတွင် အကြား ၊ အမြင် နှင့် အထိအတွေ့ ပါဝင်ပြီး ပူးပေါင်းပါဝင်မှုရှိသောသင်ယူမှုပုံစံ အမျိုးမျိုးကို အသုံးပြုခြင်း ဖြင့် ကျောင်းသူ/သားများ ကို စိတ်ပါဝင်စားအောင် သင်ကြားပေးပါသည်။<br><br>စာလိုက်နိုင်မှုအားကောင်းသောကျောင်း သူ/သားများနှင့် စာလိုက်နိုင်မှုအားနည်း သော ကျောင်းသူ/သားများကို အဖွဲ့တစ်ဖွဲ့ ထဲတွင်ထားခြင်းဖြင့်စာလိုက် နိုင်မှုအား ကောင်းသော ကျော င်းသူ/သားများ သည် အခြားကျောင်းသူ/သားများ အတွ က် မည်ကဲသို့ အထောက်အကူ ဖြစ်မည်ကို လေ့လာသင်ယူနိုင်ရန် အဖွဲ့များကို ရည်ရွယ်ချက်ရှိစွာ ဖွဲ့စည်းထားပါသည်။<br><br>ကျောင်းသူ/သားများကိုသင်ခန်း စာ တစ်ခုလုံးတွင် စိတ်ပါ ဝင်စားမှုရှိစေပြီး တက်ကြွစွာ ပူးပေါင်းပါဝင်စေပါသည်။<br>(၉၀ ရာခိုင်နှုန်းအထက်) | |

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုးစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *<u>အသေးစိတ်</u>*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| HOTS<br><br>**၁၂. ခွဲခြားစိတ်ဖြာမှု၊ စဥ်စားချင့်ချိန်မှု နှင့် ပေါင်းစပ်မှုပါဝင်သော စဥ်စားမှုစွမ်းရည် (Higher Order Thinking Skills)ကိုအားပေးခြင်း** | ဆရာ/မသည် ကြိုးကြောင်းဆီလျော် စွာ စဥ်းစာနိုင်ရန်အတွ က် ကြိုးစားတိုက်တွန်းမှုမရှိပါ။<br><br>ကျောင်းသူ/သားအနည်းငယ်သာ မေးခွန်းများကိုဖြေ ဆိုပြီး များသောအားဖြင့် ထိုကျောင်းသူ/သားများသာ ထပ်ခါတလဲလဲ ဖြေဆိုပါသည်။<br><br>ဆရာ/မသည် ဗဟုသုတကိုဗဟိုပြု သော မေးခွန်းများသာ မေးပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သား တစ်ဦးချင်းစီကို ပူးပေါင်းပါ ဝင်ခွင့် (သို့) မေးခွန်း ဖြေဆိုခွင့် မပေးပါ။ | ဆရာ/မသည် L1 နှင့် L2 တွင် ကြိုးကြောင်းဆီလျော်စွာ စဥ်းစား ရန် ကြိုးစားတိုက်တွန်းသော်လည်း မအောင်မြင်ပါ။<br><br>ဆရာ/မသည် စာသင်ခန်းထဲတွင်းရှိ မေးခွန်း ဖြေဆိုချင်သော ကျောင်းသူ/သားအချို့ ကိုသာ မေးခွန်းများ မေးပါသည်။<br><br>ဆရာ/မသည် ဗဟုသုတကိုဗဟိုပြုေ သာ မေးခွန်းများ (သို့) အလွန်ခက်ခဲသော မေးခွန် ား များကိုသာ မေးပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများ နားမလည်သော L2 ဖြင့် မေးခွန်းများကို မေးပါသည်။ | L1 တွင်ပြသနာဖြေရှင်းနည်းကို ဦးစွာအသုံးပြုပြီး L2 သို့သင်ယူစေခြင်းမှတဆင့် ဆရာ/မသည် ကြိုးကြောင်းဆီလျော်စွာ စဥ်းစားခြင်း နှင့် လွ တ်လပ်သော အတွေးများကို အားပေးပါသည်။<br><br>ဆရာ/မသည် အတန်းထဲတွင်ရှိသော ကျောင်းသူ/သား အားလုံးနီးပါးကို မေးခွန်း များမေးပြီး မေးခွန်းမဖြေဆိုချင်သော ကျောင်းသူ/သားများကိုပင် မေးခွန်းများမေးပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏ဗဟုသုတကို အသုံးပြုရန် နှင့် ပြသနာများကို ခွဲးခြမ်းစိတ်ဖြာနိုင်သော အခွင့်အရေးကို သေချာစွာရရှိရန်အတွက် ဆရာ/မ သည် ပြန်လည်သတိရခြင်း ၊ နားလည်သဘောပေါက်ခြင်း၊ အသုံးပြုခြင်း၊<br>ခွဲခြမ်းစိတ်ဖြာခြင်း၊ အကဲဖြတ်ခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း ပါ ဝင်သော မေးခွန်းများကိုမေးပါသည်။<br><br>ဆရာ/မသည် ဘယ်သူလဲ၊ ဘာလဲ၊ ဘယ်မှာလဲ နှင့် ဘယ်အချိန်လဲ စသည့်မေးခွန်းများ ကို အသုံးပြုပါသည်။ | ကျောင်းသူ/သားများ သေချာစွာ နားလည် သဘောပေါက်ရန် နှင့် သူတို့၏အတွေး များကို ရှင်းလင်းစွာဖေါ်ပြနိုင်ရန် ဆရာ/မသည် ကျောင်းသူ/သားများအား L1 ဖြင့်အခက်အခဲများကို ဦးစွာဖြေရှင်းစေခြင်းဖြင့် ကြိုးကြောင်းဆီလျော်စွာ စဥ်းစားခြင်းကို အားပေးပါသည်။<br><br>ကျောင်းသူ/သား အားလုံးနီးပါး သည် အတန်းထဲတွင် သူတို့၏ အမြင်များကို ဝေမျှခွင့် (သို့) မေးခွန်းများကိုဖြေဆို ခွင့် ရှိပါသည်။<br><br>ဆရာ/မသည် ဘယ်လိုလဲ နှင့် ဘာကြောင့်လဲ စသည် ့ ခွဲခြမ်းစိတ်ဖြာခြင်း၊ အကဲဖြတ်<br>ခြင်းနှင့် တီထွင်ဆန် းသစ် ခြင်းပါဝင်သော မေးခွန်းများ ကို အဓိက မေးပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများ ၏ အပြောအဆို နှင့် အတွေးအခေါ် စွမ်းရည်များကို တိုးတက်စေရန်အတွက် ဘာသာစကားနှစ်မျိုး၏ တူညီမှု နှင့် ကွဲပြားမှုကို နှိုင်းယှဥ်စေပါသည်။ | |
| **အကဲဖြတ်စစ်ဆေးခြင်း**<br><br>**၁၃. အကဲဖြတ်ရန်နှင့် ကျောင်းသူ/သားများ၏ ဘာသာစကားသင်ယူမှုကို ကြည့်ရှုစစ်ဆေးရန်အတွက် လိုအပ်သော လုပ်ဆောင်နိုင်စွမ်းကို ထုတ်ဖေါ်ပြသခြင်း** | စာသင်ချိန်တွင် ဆရာ/မသည် ကျောင်းသူ/သားများ ၏ ဘာသာ စကားသင်ယူမှုကို အကဲဖြတ်စစ်ဆေးခြင်းမရှိပါ။<br><br>စာသင်ချိန်တွင် ဆရာ/မသည် ကျောင်းသူ/သားများ ၏နားလည်သဘော ပေါက်မှုကို ထုတ်ဖေါ်ပြသရန်အတွက် အခွင့်အရေးမပေးပါ။<br><br>ဆရာ/မသည် "မှား" (သို့) "မှန်" အဖြေရှိသော ယေဘုယျ ဆန်သော မေးခွန်းများကို သာ မေးပါသည်။ | ဆရာ/မသည် နည်းလမ်းတစ်ခုတည်းကို အသုံးပြုပြီး အတန်းတစ်တန်း လုံးတွင်ရှိသော ကျောင်းသူ/သားများ ၏ ဘာသာစကားသင်ယူမှုကို ကြည့်ရှုစစ်ဆေးပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများသိ သောအရာကို ပြန်လည်မှတ်မိစေသော မေးခွန်း (မှား/မှန် မေးခွန်း)(သို့) အဖြေမှန်တစ်ခုတည်းသာ ရှိသော မေးခွန်း များကိုသာ မေးပါသည်။<br><br>ကျောင်းသူ/သားများကို ပေး သော အကြံပြုချက်သည် ယေဘုယျဆန်ပြီး တိုးတက်မှုအတွက် အထောက်အကူ မပြုပါ။<br><br>ကျောင်းသူ/သားများ၏ သင်ယူမှုကို သက်သေပြရန်အတွက် မေးခွန်းများနှင့် အကဲဖြတ်စစ်ဆေးမှုများကို ရံဖန်ရံခါသာ အသုံးပြုပါသည်။<br><br>အကဲဖြတ်စစ်ဆေးမှုများသည် သင်ယူမှုလုပ်ငန်း များအတွက် သင့်လျော်မှုမရှိပါ (သို့) အပေါ်ယံမျှသာဆက်နွယ်မှုရှိပါသည်။ | ဆရာ/မသည် ကျောင်းသူ/သားများ၏ ဘာသာစကားအဆင့်များနှင့် လိုအပ်ချက်များ ကို အကဲဖြတ်ရန်အတွက် သမရိုးကျပုံစံအတိုင်းဖြစ်သော (သို့) သမရိုးကျပုံစံအတိုင်းမဟုတ်သော အကဲဖြတ်စစ်ဆေးမှုကို ထိရောက်စွာအသုံးပြုပါသည်။<br><br>ဆရာ/မသည် အောက်ပါ အကဲဖြတ်စစ်ဆေးမှုများထဲက တခု (သို့) တစ်ခုထက်မက အသုံးပြုပါသည်။<br>□ စာသင်ခန်းတွင်းဆွေးနွေးခြင်း<br>□ တစ်သီးချင်းစီအတွက်အိမ်စာ(သို့) စာသင်ခန်းထဲတွင်ပြီးမြောက်အောင် ပြုလုပ်ရသောလုပ်ငန်း<br>□ ကျောင်းသားတစ်ဦးချင်းစီ၏အလုပ် အပေါ်မူတည်၍ အကြံပေးခြင်း<br>□ အဖွဲ့လိုက်လုပ်ဆောင်မှု<br>□ ပဟေဋ္ဌိ (သို့) စမ်းသပ်စစ်ဆေးမှုတစ်ခု<br>□ အကြောင်းအရာများကိုတင်ပြခြင်း(presentation) (သို့) သင်ပုန်းပေါ်တွင်<br>ရေးသားတင်ပြသောလုပ်ဆောင်မှု<br>အကဲဖြတ်စစ်ဆေးမှုများသည် သင်ယူမှုလုပ်ငန်း များ အတွက် သင့်လျော်မှုရှိပြီး ဆက်နွယ်မှုရှိပါသည်။ | ဆရာ/မသည် ကျောင်းသူ/သား တစ်ဦးချင်း စီ၏ ဘာသာစကား အဆင့်များနှင့် လိုအပ်ချက်များကို ဖေါ်ထုတ်ရန်အတွက် စာသင်ချိန်အတွင်း တတ်မြောက်မှုစစ်ဆေးခြင်း နှင့် သင်ခန်းစာပြီးဆုံးချိန်တွင် တတ်မြောက်မှု စစ်ဆေးခြင်းနည်း လမ်း နှစ်မျိုးလုံးကို အသုံးပြုပါသည်။<br><br>ကျောင်းသူ/သားများသည် မိမိကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (သို့) သူတို့၏ တိုးတက်မှုကို ကြည့်ရှုစစ်ဆေးရန် တစ်ဦးနှင့်တစ်ဦး အကြံပေးနိုင်သော အခွင့်အရေးရှိပါသည်။ | |

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုးစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *<u>အသေးစိတ်</u>*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| **စာသင်ခန်းတွင်း သင်ထောက်ကူများ**<br><br>**ခ၄. ကျောင်းသူ/သားများ သိရှိနားလည်ထားသော အကြောင်းအရာများကို အသုံးပြုပြ ပီး ထင်မြင်ယူဆချက် အသစ်များကို သင်ယူနိုင်ရန်အတွက် ဘာသာစကားသင်ယူမှု သင်ထောက်ကူများကို အသုံးပြုခြင်း (သို့) ဖန်တီးခြင်း** | ဆရာ/မသည် သင်ခန်းစာသင်ကြားရာတွင် မည်သည့် ဘာသာစကား သင်ယူမှုသင်ထောက်ကူကိုမျှ အသုံးမပြုပါ။<br><br>ဆရာ/မသည် သင်ခန်းစာ သင်ကြားရာတွင် ပေးထားသော သင်ရိုးညွှန်းတမ်း (သို့) ရှိနေသော သင်ထောက်ကူများကို အသုံးမပြုပါ (သို့) မကိုးကားပါ။ | ဆရာ/မသည် သင်ခန်းစာသင်ကြားရာတွင် ဘာသာစကားသင်ယူမှု သင်ထောက်ကူကို ကြိုးစားအသံ ုးပြုသော်လည်း ကျောင်းသူ/သား များ၏ သင်ယူမှု (သို့) နားလည်သဘော ပေါက်မှုသည် တိုးတက်မှုမရှိပါ။<br><br>ဆရာ/မသည် သင်ရိုးညွှန်းတမ်းတွင်ရှိ သော ထက်မြင်ယူဆချက်များကို ကျောင်းသူ/သားများ နာလည်းသောနည်းလမ်းဖြင့် အသုံးပြု (သို့) အသုံးချေ သာ် လည်း အောင်မြင်မှုမရှိပါ။<br><br>စာသင်ကြားရာတွင် သင်ကြားမှု နှင့် သင်ယူမှုကို တိုးတက်စေရန်အတွ က် ရရှိနိုင်သော သင်ထောက်ကူများ ပါရုံမျှပင် အသုံးပြုထားပါသည်။ | ထင်မြင်ယူဆချက်အသစ်များကို ကျောင်းသူ/သားများ သင်ယူနိုင်ရန်အတွက် ဆရာ/မသည် ရရှိနို င်သော (သို့) ဖန်တီးထားသော ဘာသာစကားသင်ယူမှု သင်ထောက်ကူတစ်ခုကို ထိရောက်စွာအသုံးပြုပါသည်။<br><br>ရုပ်ပုံကားချပ်ကြီးများ (သို့) လက်တွေ့လုပ်ငန်းများ နှင့် ဘာသာစကားနှင့်ကိုယ်လက်လှုပ်ရှားမှုဆက်နွယ်မှု (Total Physical Response (TPR)) နှင ့် ကိုယ်လက်အမူအရာ ကို သင်ထောက်ကူမရှိသောနေရာများတွ င် အသုံးပြုပါသည်။<br><br>အဓိက ထင်မြင်ယူဆချက်များကို ဖော်ပြရန်အတွက် သင်ရိုးညွှန်းတမ်း နှင့်/သို့ မဟုတ် အခြားရရှိနိုင်သော သင်ထောက်ကူများ ကို ယုံကြည်စိတ်ချမှုရှိစွာ အသုံးပြုပါသည်။ | အကြောင်းအရာအသစ်များကို ကျောင်းသူ/သားများ နက်နဲစွာ နားလည်သဘောပေါက်ရန်အတွက် ဆရာ/မသည် ရရှိနိုင် သော (သို့) ဖန်တီးထားသော ဘာသာစကားသင်ယူမှု သင်ထောက်ကူ များစွာကိုထိရောက်စွာ အသုံးပြုပါသည်။<br><br>သင်ခန်းစာများသင်ကြားရာတွင် ဆရာ/မသည် ဒေသခံများတွင်ရှိေ သာ သင်ထောက်ကူများ (သို့) သင်ကြားရေးပစ္စည်းများကို အသုံးပြုပါ သည်။<br><br>“သင်ရိုးညွှန်းတမ်းပါအကြောင်းအရာကို လက်တွေ့ဘဝတွင် အသုံးပြုနိုင်ရန်” ဆရာ/မသည် သင်ရိုးညွှန်းတမ်းတွင် ရှိသော အကြောင်းအရာများကို တိုးချဲ့ဖော်ပြပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏ ကိုယ်ပိုင်သင်ယူမှု သင်ထောက်ကူများကို ပြုလုပ်ရန် အခွင့်အရေးရှိပါသည်။ | Teacher FOCUS |
| **ယာယီအထောက်အပံ့ပေး ခြင်း**<br><br>**ခ၅. ကျောင်းသူ/သားများ L1 တွင် ဦးစွာနားလည်ပြီး L2 သို့ တိုးတက်မှုရှိရန် အတွက် ယာယီအထောက် အပံ့ပေးနိုင်စွမ်းကိုပြသခြင်း** | ဆရာ/မသည် L2 သင်ယူမှုကို တိုးတက်စေရန်အတွက် ေ ကျာင်းသူ/သားများ၏ L1 ကိုအသုံးပြုရန် မကြိုးစားပါ။ | ဆရာ/မသည် L2 သင်ယူမှုကို တိုးတက်စေရန်အတွက် ကျောင်းသူ/သားများ၏ L1 ကိုအသုံးပြုရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။<br><br>ဘာသာရပ်အကြောင်းအရာအသစ်များ (သို့) ဝေါဟာရများကို L2 တွင် ကျောင်းသူ/သားများ နားလည်သဘောပေါက်ကြောင်းမတွေ့ရပါ။<br><br>ကျောင်းသူ/သားများသ ည် အကြောင်းအရာအသစ်များကို L1 တွင် သင်ယူရန်အတွက် အချိန်ပို၍လိုအပ်သည်ကို တွေ့ရှိရပါသည်။ | သင်ယူသူများသည် အမြင်အသစ်များကို L2 တွင် အပြည့်အဝဖော်ပြနိုင်ရန်အတွက် ဆရာ/မသ ည် အကြောင်းအရာအသစ်များကို L1 တွင် ဦးစွာသင်ကြားခြင်းအားဖြင့် L2 ၏တိုး ်ုးတက်မှုကို ပံ့ပိုးပေးပါသည်။<br><br>L2 တွင် နားမလည်သဘောမပေါက်သေးသော အ ခါ ကျောင်းသူ/သားများသည် L1 ကိုအသုံးပြု ပြီး အဓိပ္ပာယ်ကိုဖော်ပြပါသည်။<br><br>L2 တစ်မျိုးတည်းကိုအသုံးပြုရန်အတွက် တိုးတက်မှုမလုံလောကသေးသော အချိန်တွ င် သင်ယူမှုကိုအထောက်အကူပြုရန် L1 ကိုအသုံးပြုပါသည်။ | ဆရာ/မသည် အကြောင်းအရာအသစ်များကို အာရုံစိုက်ရန်အတွက် L1 အချိန် နှင့် ဘာသာစကားအသစ်သင်ယူမှုကို အာရုံစိုက်ရန် L2 အချိန်ကို ရည်ရွယ်ချက်ရှိစွာ ပေါင်းစပ်ထားပါသည်။<br><br>ကျောင်းသူ/သားများ သေချာစွာ နားလည်သဘောပေါက်ရန် လိုအပ် သောအချိန်တွင် ဆရာ/မသည် L1 ဖြင့် အမြဲတမ်း ပြန်လည်သုံးသပ်ပါသည်။<br><br>ကျောင်းသူ/သားများသည် သင်ယူမှုတွင် တစ်ဦးနှင့်တစ်ဦး ကူညီရန် အခွင့်အရေးပေးထားပါသည် (သို့) ဘာသာစကား ၂ မျိုး အသုံးပြုသည်ကို တွေ့ရှိရပါသည်။ | |

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *<u>အသေးစိတ်</u>*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| **စာဖတ်စွမ်းရည်**<br><br>**ခ၆. ကျောင်းသားများအတွက် ဖတ်စာအုပ်များကို ထိရောက်စွာအသုံးပြုခြင်း (သို့) ဖန်တီးခြင်း** | သင်ခန်းစာများသင်ကြားချိန်တွင် ဖတ်စာအုပ်များကို အသုံးပြုမှု အလွန်နည်းပါးပြီး အသုံးပြုပါက ကျောင်းသူ/သားများအား အလွတ်ကျက်မှတ်သော နည်းလမ်းများကိုသာ လိုက်နာစေပါသည်။. | သင်ခန်းစာများ သင်ကြားချိန်တွင် ဖတ်စာအုပ်များကိုအသုံးပြုသော် လည်း ေ ကျာင်းသူ/များ၏ စာဖတ်နိုင်စွမ်း (သို့) နားလည်သဘောပေါက်နိုင်စွမ်း တိုးတက်လာသော သက်သေအထောက်အထား မတွေ့ရပါ။<br><br>စာဖတ်ချိန်အများစုသည် ဆရာ/မကဖတ်ပြပြီး ကျောင်းသူ/သားများ က လိုက်ဖတ်ရုံမျှသာ ရှိပါသည်။<br><br>စာသင်ချိန်တွင် စာဖတ်ရန်အတွက် အချိန်အလုံအလောက် မပေးထားပါ။<br><br>ကျောင်းသူ/သားများသည် သူတို့ဖတ်သော အကြောင်းအရာကို စဉ်းစားရန်အတွက် အခွင့်အရေးကို ရံဖန်ရံခါမျှသာ ရရှိပါသည်။ | L1 ကိုအသုံးပြုပြီး စာဖတ်ရန်သင်ယူ နေသော ကျော င်းသူ/သားများ (သို့) L2 ကိုအသုံးပြုပြီး စာဖတ်ကျွမ်းကျင်မှု ရှိသော ေ ကျာင်းသူ/သားများအတွက် ဆရာ/မများသည် ဖတ်စာအုပ်များကို ထိရောက်စွာ အသုံးပြုပါသည် (သို့) ဖန်တီးထားပါသည်။<br><br>စာဖတ်ကျွမ်းကျင်မှုကို စံနမူနာပြရန်အတွက် ဆရာ/မသည် ကျောင်းသူ/သားများကို ဖတ်ပြခြင်း နှင့် အတူတကွဖတ်ခြင်း နည်းလမ်း နှစ်မျိုးစလုံး အသုံးပြုပါသည်။<br><br>ကျောင်းသူ/သားများသည် သီးခြားစာဖတ်နို င်သော အခွင့်အရေးကို တတ်နိုင်သမျှ ရရှိကြပါသည်။<br><br>စာသင်ချိန်တွင် ကျောင်းသူ/သားများသည် စာဖတ်ချိန်ကို လုံလောက်စွာ ရရှိကြပါသည်။ | အပြန်အလှန်တုံ့ပြန်မှုရှိသော သင်ကြားခြင်းနှင့် စူးစမ်းလေ့လာမှု ရှိသောသင်ကြားခြင်း နည်းလည်းများမှတဆင့် စာဖတ်ကျွမ်းကျင်မှုကို တိုးတက်စေရန် ေ ကျာင်းသူ/သားများအတွက် ဖတ်စာအုပ်များကို ဆရာ/မက ထိရောက်စွာ အသုံးပြုပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏ ယုံကြည့်မှုကို တည်ဆောက်ရန်အတွက် စာဖတ်ခြင်းလှုပ်ရှားမှုများကို ဦးဆောင်ရ န် အခွင့်အရေးများ ရရှိပါသည်။ | |
| နားထောင်မှုစွမ်းရည် နှင့် အပြောစွမ်းရည်<br><br>ခရ. **L1** နှင့် **L2** တွင်အချိန်မီ ဖြေဆိုခြင်းများပါဝင်သော နားလည်သဘောပေါက်ရန် အတွက်နားထောင်မှုစွမ်းရည် လှုပ်ရှားမှုများကို အားပေးခြင်း | သင်ခန်းစာများ သင်ကြားရာတွင် အပြောစွမ်းရည် နှင့် နားထောက်မှုစွမ်းရည် လှုပ်ရှားမှုများကို အသုံးမပြုပါ။<br><br>ကျောင်းသူ/သား၏ တုန့်ပြန်မှုများသည် ဆရာ/မပြောသည့်အရာများကို ပြန်ပြောခြင်း (သို့) တိုက်ရိုက် ဘာသာပြန်ခြင်းများသာ ပါဝင်ပါသည်။ | ဆရာ/မသည် အပြောစွမ်းရည် (သို့) နားထောက်မှုစွမ်းရည် လှုပ်ရှား မှုကို အသုံးပြုသော်လည်း ကျောင်းသူ/သား၏ တုန့်ပြန်မှုများသည် ဆရာ/မပြောသည့်အရာများကို ပြန်ပြောခြင်း (သို့) တိုက်ရိုက်ဘာသာပြန်ခြင်းများသာ ပါဝင်ပါသည်။<br><br>ကျောင်းသူ/သားများသည် တစ်ဦးနှင့်တစ်ဦး မေးခွန်းများမေးရန်၊ ဆွေးနွေးရန် (သို့) သူတို့၏ အမြင်များကို ဖလှယ်ရန် အချိန်အကန့်အသတ် ရှိပါသည်။ | ဆရာ/မသည် သင်ခန်းစာများ သင်ကြားရာတွင် L1 နှင့် L2 ကိုအသုံးပြုပြီး အပြောစွမ်းရည် နှင့် နားထောင်မှုစွမ်းရည် ကိုနားလည်သဘောရန်အတွက် စစ်ဆေးသောလှုပ်ရှားမှု နှစ်မျိုးလုံးကို ရောနှောထားပါသည်။<br><br>ကျောင်းသူ/သားများသည် တစ်ဦးနှင့်တစ်ဦး မေးခွန်းများမေးရန်၊ ဆွေးနွေးရန် နှင့် သူတို့၏ အမြင်များကို မလှယ်ရန်အတွက် အခွင့်အရေး ရရှိပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏ အတွေးများ နှင့် အမြင်များကို ယုံကြည်မှုရှိစွာ ထုတ်ဖေါ်ပြောကြားရန်အတွက် စကားပြောရန် အခွင့်အရေးကို ရည်ရွယ်ချက်ရှိစွာ ပေးထားပါသည်။ | ဆရာ/မသည် သင်ခန်းစာများ သင်ကြားရာတွင် အပြောစွမ်းရည် နှင့် နားထောင်မှုစွမ်းရည် ကို နားလည်သဘောရန်အတွက် စစ်ဆေးသော လှုပ်ရှားမှုများစွာကို ရောနှောထားပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများအား အဖြေများကို တစ်ဦးချင်းစီဖြစ်စေ နှင့် အဖွဲ့လိုက်ဖြစ်စေ ဝေမျှစေခြင်းဖြင့် သူတို့သင်ယူသောအကြောင်းအရာများကိုကြိုး ကြောင်းဆီလျှော်စွာ စဉ်စားရန်အ တွက်ခွ င့်ပြုထားပါသည်။ | |
| **အရေးအသားစွမ်းရည်**<br><br>**ခ၈. L1 နှင့် L2 တွင် ဖန်တီးရေးသားနိုင်ရန် ကျော င်းသူ/သားများကို ပံ့ပိုးပေးခြင်း** | သင်ခန်းစာများ သင်ကြားရာတွင် ကျောင်း သူ/သားများကို စာရေးရန်အတွက် အခွင့်အရေးမပေးပါ။ | စာသင်ချိန်တွင် ကျောင်းသူ/သားများ စာရေးရန်အတွက် တစ်ခုတည်းအခွင့်အရေးမှာ စာများကိုကူးရေးခြင်း ဖြစ်သည်။<br><br>စာများကို ထပ်ခါတလဲလဲရေးစေခြင်းဖြင့် စာသင်ချိန်အများစု အသုံးပြုပါသည်။ ကျောင်းသူ/သားများ စဉ်စားရန်နှင့် စာရေးရန်အတွက် အခွင့်အရေးပိုလိုအပ်ပါသည်။ | စာသင်ချိန်တွင် L1 (သို့) L2 ကိုအသုံးပြုပြီး ဖန်တီးရေးသားရန်၊ ဥပမာမပါဘဲရေးသားရန် (သို့) သူတို့၏အမြင်များကိုရေးသားရန် အခွင့်အရေးကို ဆရာ/မက ကျောင်းသူ/သားများ အတွ က် ရောနှောထားပါသည်။<br><br>ကျောင်းသူ/သားများသည် သူတို့၏စဉ်စားမှုများ နှင့် အမြင်များကို ယုံကြည်မှုရှိစွာဖေါ်ပြနိုင်ရန်အတွက် စာရေးသားခွင့် (ကခလေးသူငယ်များအတွက် စာစရေးခြင်း) ပေးထားပါသည်။ | ကျောင်းသူ/သားများသည် L1 (သို့) L2 ကို အသုံးပြုပြီး သူတို့ကိုယ်တိုင် ဖန်တီး ထားသော ဝါကျများ၊ ပုံပြင်များ၊ ကဗျာများ (သို့) သီချင်းများရေးရန်အတွက် ဆရာ/မ က အခွ င့်အရေးဖန်တီးပေးထားပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများကို စာသင်ချိန်တစ်လျှောက်လုံးတွင် စာရေးရန် နှင့် သို့တို့၏အမြင်များကို ဖေါ်ပြန်ရန် တိုက်တွန်းပါသည်။ | |

## ပညာရပ်နယ်ပယ် ၈ - ပညာရှင်ဆန်သော တန်ဖိုးများနှင့် ပင်ကိုယ်စရိုက်များ

| **အရေးပါသည့်စကားနှင့် ကျွမ်းကျင်မှု** | အဆင့် (၁)<br>**ကျေနပ်အားရဖွယ်မရှိသောအဆင့်**<br>*-ဆရာ/မ ကြိုးစားသင်ကြားမှု မရှိပါ။* | အဆင့် (၂)<br>***အခြေခံအဆင့်***<br>*-ဆရာ/မ ကြိုးစားသင်ကြားသော်လည်း မအောင်မြင်ပါ။* | အဆင့် (၃)<br>**ကျွမ်းကျင်မှုအဆင့်**<br>*- ဆရာ/မ ကြိုးစားအားထုတ်မှု အောင်မြင်ပါသည်။* | အဆင့် (၄)<br>**အောင်မြင်သောအဆင့်**<br>*-ဆရာ/မ နှင့် ကျောင်းသူ/သား နှစ်ဦးနှစ်ဖက်လုံး အောင်မြင်ပါသည်။* | **မှတ်ချက်များ**<br><br>**အကဲခတ်လေ့လာထားသော သင်ခန်းစာပေါ်မူတည်၍ *<u>အသေးစိတ်</u>*အကြံပြုချက်များကိုရေးပါ။** |
|---|---|---|---|---|---|
| ယဉ်ကျေးမှု နှင့် အမွေအနှစ်<br><br>၈၁. ကျောင်းသူ/သားများ၏ အိမ်သုံးဘာသာစကား နှင့် ယဉ်ကျေးမှုကို တန်ဖိုးထားပြီး ပံ့ပိုးကူညီမှု ရှိ သော သင်ယူမှု ပတ်ဝန်းကျင်ကိုဖန်တီးခြင်း | သင်ခန်းစာကို ကျောင်းသူ/သားများနှင့် လူမှုအသိုင်းအဝိုင်း၏ ခွဲပြားခြားနားသော လူနေမှု၊ ဘာသာစကား နှင့် ယဉ်ကျေးမှု နှင့်ဆက်စပ်ရန် မကြိုးစားသော၊ (သို့) ခွဲခြားဆက်ဆံသော ၊ လေးစားမှုမရှိသော (သို့) အလေးမထားသောပုံစံကို ဆရာ/မ က ပြုလုပ်ပါသည်။<br><br>ကျောင်းသူ/သားများ၏ ကိုယ်လက်အမူအရာမျက်နှာအရိပ်အကဲသည်စိတ်ထိခိုက်ခြင်း၊ သက်တောင့်သက်သာ မဖြစ်ခြင်း (သို့ ) ယုံကြည်မှုမရှိခြင်းကို ဖေါ်ပြပ ါသည်။ | ဆရာ/မသည် ကျောင်းသူ/သားများနှင့် လူမှုအသိုင်းအဝိုင်းတို့၏ ခွဲပြားခြားနားသောလူနေမှု၊ ဘာသာစကား နှင့် ယဉ်ကျေးမှုတို့ကို သ င်ခန်းစာနှင ့ ဆက်စပ်ရန်ကြိုးစားသော်လည်း ထိုဥပမာများက ကျောင်းသူ/သားများကို ပို၍ရှုပ်ထွေးစေပါသည် (သို့) လွဲမှားစေပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သား တစ်ဦးချင်းစီ၏ နောက်ခံသမိုင်းကြောင်း၊ လူမှုအသိုင်းအဝိုင်း၊ (သို့) လူနေမှုဘဝနှင့်ဆက်စပ်ရန် ကြိုးစားသော်လည်း ကျောင်းသူ/သား၏ တုန့်ပြန်မှုများသည် ထိုကြိုးစားမှုများ အပြည့်အဝ အောင်မြင်မှုမ ရှိကြော င်း ဖေါ်ပြပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများ၏ နောက်ခံသမိုင်းကြောင်း၊ လူမှုအသိုင်းအဝိုင်း၊ (သို့) လူနေမှုဘဝနှင့်ဆက်စပ်ရန်အတွက် အခွင့်အရေးမရပါ (သို့) အခွင့်အရေးရရှိရန် ကြိုးစားမှုအနည်းငယ်သာ ရှိပါသည်။ | ဆရာ/မသည် ကျောင်းသူ/သားများ နှင့် လူမှုအသိုင်းအဝိုင်းတို့၏ ဒေသန္တရဗဟုသုတ နှင့် ခွဲပြားခြားနားသော လူနေမှု၊ ဘာသာစကား နှင့် ယဉ်ကျေးမှုတို့ ကို သင်ခန်းစာနှင့် ဆက်စပ်ပေးခြင်းအားဖြင့် သင်ယူမှုကို အထောက်အကူပြု သောပတ်ဝ န်းကျင်ကို ဖန်တီးပေးထားပါသည်။<br><br>ကျောင်းသူ/သားများသည် အိမ်တွင်အသုံးပြုသော ဘာသာစကား (သို့) သူတို့၏ ကိုယ်တွေ့ဥပမာ (သို့) အဖြစ်အပျက်များကို စာသင်ချိန်အတွင်း အသုံးပြုရန် တိုက်တွန်းခြင်းခံရပါသည်။<br><br>သင်ခန်းစာသည် ယဉ်ကျေးမှုနှင့် အပြည့်အဝ ကိုက်ညီမှုရှိပြီး လေးစားမှုရှိပါသည် | ဆရာ/မသည် ကျောင်းသူ/သားများအား သူတို့၏ အိမ်သုံးဘာ သာစကားကို အသုံးပြုရန်နှင့် ဒေသန္တရ ယဉ်ကျေးမှု/အမွေအနှစ်ပွဲကို ကျင်းပရန်တိုက်တွန်းခြင်းအား ဖြင့် သင်ယူမှုကိုအထောက်အကူပြုသော ပတ်ဝန်းကျင်ကို ဖန်တီးပေးပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများအား သူတို့၏ ယဉ်ကျေးမှုနောက်ကြောင်းများ၊ ဘဝအတွေ့အကြုံများ နှင့် စိတ်ဝင်စားမှုများ ကို မေးမြန်းခြင်းအားဖြင့် သင်ရိုးညွှန်းတမ်းကို ဒေသန္တရပုံစံနှင့် ကိုက်ညီအောင် ပြောင်းလဲထားပါသည်။<br><br>စာသင်ချိန်တွင် ကျောင်းသူ/သားများသည် သူတို့၏လူနေမှုဘဝ၊ ဓလေ့ရိုးရာ နှင့် ယဉ်ကျေးမှုနောက်ကြောင်းများကို ဝေမျှရန် အခွင့်အရေးပေးပါသည်။ | |
| **ကောင်းကျိုးရှိသော တွန်းအားပေးမှု**<br><br>**၈၂. အမှားကို လက်ခံသော စာသင်ခန်းယဉ်ကျေးမှုကို အားပေးခြင်း** | ကျောင်းသူ/သားများ အမှားပြုလုပ်သောအခါတွင် ဆရာ/မသည် အရှက်ရစေသော (သို့) အဆိုးဘက်သို့ သက်ရောက်သော တွန်းအားပေးမှုများကို အသုံးပြုပါသည်။<br><br>ကျောင်းသူ/သားများသည် အတန်းထဲတွင် အမှားပြုလုပ်ရန် (သို့) ပူးပေါင်းပါဝင်ရန် ကြောက်ရွံ့မှုရှိကြောင်း တွေ့ရပါသည်။ | ဆရာ/မသည် ကောင်းကျိုးရှိသော တွန်းအားပေးမှု ကို အသုံးပြုရန် ကြိုးစားသော် လည်း၊ ကျောင်းသူ/သားများ သည် အကြောင်းအရာအသစ်များကိုပြုလုပ်ရန် (သို့) အမှားများပြုလုပ်ရန် ကြောက်ရွံ့မှုရှိကြောင်း တွေ့ ရှိရပါသည်။<br><br>ကျောင်းသူ/သားများ၏ L1 ကို အသုံးပြုပြီး ရှင်းပြရမည့်အစား (သို့) ပြောင်း လဲဖေ ါ်ပြရမည့်အစား ဆရာ/မသည် မေးခွန်းများ (သို့) ဥပမာများကို L2 ဖြင့် ထပ်ခါတလဲလဲ ရှင်းပြပါသည်။ | ဆရာ/မသည် ကျောင်းသူ/သားများ အမှားပြုလုပ်ရန် ဝန်မလေးသော စာသင်ခန်းယဉ်ကျေးမှုကို အားပေးပါသည် ။ ဆရာ/မသည် ကျောင်းသူ/သားများ၏ အမှားများကို ပြန်ဆင်ရန်အတွက် အားပေးမှုနှင့် ကောင်းကျိုးရှိသော တွန်းအားပေးမှုကို အသုံးပြုပါသည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားများ၏ L1 ကိုအသုံးပြုပြီး၊ ကျောင်းသူ/သားများက သူတို့၏အမြင်များကို L2 ဖြင့်မဖေါ်ပြနိုင်ပါက L1 ကိုလိုအပ်သောအခါ အသုံးပြုခွင့် ပေးပါသည်။ | စာသင်ခန်းယဉ်ကျေးမှုသည် ကျောင်းသူ /သားများအား သင်ယူမှုကို စိတ်ပါဝင်စားရန်နှင့် အမှားပြုလုပ်ရန်အတွက် မစိုးရိမ်ရန် (သို့) အကြောင်းအရာအသစ်များကို ပြု လုပ်ရန်အတွက် ဖြစ်သည်။<br><br>ဆရာ/မသည် ကျောင်းသူ/သားကို မိမိကိုယ်ကို ယုံကြည်မှုရှိအောင် ကူညီရန်အတွက် ကောင်းကျိုးရှိသော တွန်းအားပေးမှု၊ အားပေးမှု နှင့် လေးစာမှုရှိသော တုန့်ပြန်မှု နှင့်တကွ ခြိမ်းခြောက်မှုမရှိသော သင်ယူမှု ခြေလှမ်း ငယ်များ "Small-steps" ကို အသုံးပြုပါသည်။<br><br>ကျောင်းသူ/သားများသည် တစ်ဦးနှင့်တစ်ဦး အကျိုးရှိစွာအားပေးမှုရှိသည်ကို တွေ့ရပါ သည်။ | |

## အကဲခတ်လေ့လာမှုပြီးနောက် ပြန်လည်သုံးသပ်ခြင်း

| **သင့်လျော်သော လေးထောင့်ကွက်ကိုရွေးချယ်ခြင်းအားဖြင့် သင့်ကျောင်းသူ/သားများ၏ ဘာသာစကားများကိုအသုံးပြုရာတွင် မိမိကိုယ်ကိုယုံကြည်မှုအဆင့်ကိုသတ်မှတ်ပါ-** | မိမိကိုယ်ကိုယုံကြည်မှု လုံး၀မရှိပါ | မိမိကိုယ်ကိုယုံကြည်မှု အနည်းငယ်ရှိပါသည် | ပုံမှန် | မိမိကိုယ်ကိုယုံကြည်မှု ရှိပါသည် | မိမိကိုယ်ကိုယုံကြည်မှု အလွန်ရှိပါသည် |
|---|---|---|---|---|---|
| ကျောင်းသူ/သားများ၏ L1 တွင်ကျွမ်းကျင်တတ်မြောက်ခြင်း (အပြောစွမ်းရည် နှင့် နားထောင်မှုစွမ်းရည်) | | | | | |
| ကျောင်းသူ/သားများ၏ L1 တွင်ရေးတတ်၊ဖတ်တတ်ခြင်း (အရေးအသား နှင့် စာဖတ်စွမ်းရည်) | | | | | |
| ကျောင်းသူ/သားများ၏ L2 တွင်ကျွမ်းကျင်တတ်မြောက်ခြင်း (အပြောစွမ်းရည် နှင့် နားထောင်မှုစွမ်းရည်) | | | | | |
| ကျောင်းသူ/သားများ၏ L2 တွင်ရေးတတ်၊ဖတ်တတ်ခြင်း (အရေးအသား နှင့် စာဖတ်စွမ်းရည်) | | | | | |
| ကျောင်းသူ/သားများ၏ L3 (သက်ဆိုင်မှုရှိလျှင်) တွင်ကျွမ်းကျင်တတ်မြောက်ခြင်း (အပြောစွမ်းရည် နှင့် နားထောင်မှုစွမ်းရည်) | | | | | |
| ကျောင်းသူ/သားများ၏ L3 (သက်ဆိုင်မှုရှိလျှင်) တွင်ရေးတတ်၊ဖတ်တတ်ခြင်း (အရေးအသား နှင့် စာဖတ်စွမ်းရည်) | | | | | |

## အကဲခတ်လေ့လာမှုပြီးနောက် ပြန်လည်သုံးသပ်ခြင်း မေးခွန်းများ

1. ဘာသာစကားမျိုးစုံပါဝင်သော ပညာရေးနှင့် စပ်လျဉ်း၍ သင့်သင်ခန်းစာ၏ အအောင်မြင်ဆုံးသောအစိတ်အပိုင်းကို ဖေါ်ပြပါ။ အဘယ်ကြောင့်အောင်မြင်သနည်း။

**2.** သင့်သင်ခန်းစာတွင် သင်နှင့် သင့်ကျောင်းသူ/သားများသည် မည်သည့်စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရသနည်း။ ၄င်းတို့ကို သင်မည်ကဲသို့ ရင်ဆိုင်ဖြေရှင်းခဲ့သနည်း။

**3.** သင့်စာသင်ခန်းထဲတွင် ဘာသာစကားမျိုးစုံပါဝင်သောပညာရေးကို မြှင့်တင်ရန် မည်သည့်အရာများ လိုအပ်နေသေးသနည်း။

**4.** ကလေးများ၏ သင်ယူမှုတွင် မိဘများ စိတ်ပါဝင်စားရန် နှင့် သင်ယူမှုလုပ်ငန်းစဉ်တွင် လူမှုအသိုင်းအဝိုင်းများပူးပေါင်းပါဝင်ရန် သင်မည်ကဲ့သို့ ပြုလုပ်သနည်း။

| စုစုပေါင်း | 1 | 2- | 2 | 2+ | 3- | 3 | 3+ | 4- | 4 | 4+ | စုစုပေါင်းရမှတ်<br>(ရမှတ်များကို ပေါင်းပြီး ၁၄ ဖြင့်စားပါ) |
|---|---|---|---|---|---|---|---|---|---|---|---|
| | 0 | 20 | 30 | 40 | 50 | 60 | 70 | 80 | 90 | 100 | |
| | | | | | | | | | | | |

CC BY NC SA


A
诶
தமிழ்
अ
Hi!
Hola!
FR
EN
ไทย
中文
한글
안녕
A
あ
A